ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

**မြန်မာနိုင်ငံရှိရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသောလူ့အခွင့်အရေးအကြမ်းဖက်မှုဆိုင်ရာ သတင်းများအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အာဆီယံလွှတ်တော်အမတ်များတောင်းဆို**

ဂျကာတာ၊ နိုဝင်ဘာ ၂ ရက် ၂၀၁၆။ မြန်မာနိုင်ငံအစိုးရအားရခိုင်ပြည်နယ်မြောက်ပိုင်း တွင် လုံခြုံရေး တပ်ဖွဲ့များက အရပ်သားများအား နှိပ်စက်ညှင်းပန်းမှုများရှိနေသည်ဟူသော သတင်းများနှင့်စပ်လျဉ်းပြီး ကောင်းမွန်ပြီးဘက်မလိုက်သောစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လူ့အခွင့်အရေးဆိုင်ရာ အရှေ့တောင်အာရှ လွှတ်တော်အမတ်များအဖွဲ့ (APHR) က ဆော်သြလိုက်ပါသည်။ ဒေသတွင်းရှိလွှတ်တော်အမတ်များက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးနိုင်ရန်နှင့် သတင်းမှတ်တမ်းများပိုမိုရရှိနိုင်ရေးအတွက် အခင်းဖြစ်ပွားရာဒေသများသို့ ထောက်ပံ့ကူညီရေးအဖွဲ့များနှင့် သတင်းထောက်များကို သွားရောက်ဆောင်ရွက်ခွင့်ပြုရေးအတွက်လည်း မြန်မာစစ်တပ်ကိုတောင်းဆိုခဲ့ပါသည်။

`ရခိုင်ဒေသကထွက်ပေါ်လာတဲ့ဒီသတင်းတွေဟာ စိုးရိမ်ဖွယ်ဖြစ်ပြီးအများယုံကြည်လက်ခံတဲ့ စုံစမ်းစစ်ဆေးမှု လိုအပ်နေတာကိုလည်းဖော်ပြနေပါတယ်။ တစ်ချိန်တည်းမှာဘဲ သက်ဆိုင်ရာအာဏာပိုင်တွေအနေနဲ့ နောက်ထပ် လူ့အခွင့်အရေးချိုးဖောက်မှုတွေ ထပ်မဖြစ်အောင် တားဆီးဖို့၊ အရပ်သားတွေရဲ့ အခွင့်အရေးတွေကိုကာကွယ်ရမည့်တာဝန်များကျေပွန်ဖို့အတွက် အရေးပေါ်လုပ်ဆောင်မှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်´ ဟု APHR အဖွဲ့၏ ဥက္ကဋ္ဌ၊ မလေးရှား လွှတ်တော်အမတ် Charles Santiago က ပြောကြားခဲ့သည်။

`ကျွန်တော်တို့အနေနဲ့ အလွန်စိုးရိမ်မိပါတယ်။ အစိုးရအနေနဲ့လုံခြုံရေးတပ်ဖွဲ့တွေကို ကြီးကြပ်မှု အားနည်းတဲ့ ရလဒ်ပါဘဲ၊ အရပ်သားတွေကိုကာကွယ်ဖို့နဲ့ တရားမျှတစွာဆောင်ရွက်ဖို့အတွက် ထိရောက်တဲ့စနစ်တွေ မရှိနေပါဘူး။ ´

အောက်တိုဘာလ ၉ ရက်နေ့ကနယ်စပ်လုံခြုံရေးစခန်း ၃ ခုတွင် ဖြစ်ပွားခဲ့သောတိုက်ခိုက်မှုများကြောင့် ရဲအရာရှိ (၉) ဦးသေဆုံးခဲ့ရပြီးနောက်တွင် တရားမဲ့သတ်ဖြတ်ခြင်းများ၊ အကြောင်းမဲ့ဖမ်းချုပ်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လူနေအိမ်နှင့် ပိုင်ဆိုင်သည့် ပစ္စည်းများဖျက်ဆီးခံရခြင်းများ ဖြစ်ပွားလျက်ရှိသည် ဟု သတင်းများတွင်ဖော်ပြကြသည်။ လုံခြုံရေးတပ်ဖွဲ့များ၏ အဆက်မပြတ်သောမတရားပြုကျင့်နှိပ်စက်မှုများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်အနီး မောင်တောမြို့နယ်ရှိ ရိုဟင်ဂျာကျေးရွာများတွင် အဓိကပစ်မှတ်ထား ဖြစ်ပေါ်လျက်ရှိသည်ဟုဖော်ပြကြသည်။ အဆိုပါ အကြမ်းဖက်မှုများအားလုံးကို ရှုံ့ချလျက် APHR အဖွဲ့သည် တရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းလိုက်နာရန် အရေးကြီးမှုကို အလေးထား ပြောကြားခဲ့ပါသည်။

`ဘယ်သူတစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ် အသက်ဆုံးရှုံးရရင် ဒါဟာဝမ်းနည်းစရာပါဘဲ။ မြန်မာအာဏာပိုင်တွေအနေနဲ့ ရဲတပ်ဖွဲ့စခန်းတွေကိုတိုက်ခိုက်ခဲ့ရာမှာ ထိခိုက်နစ်နာခဲ့သူတွေအတွက် တရားမျှတမှုကို

ဆောင်ကျဉ်းပေးဖို့နဲ့ သေချာစွာစုံစမ်းစစ်ဆေးဖို့လိုအပ်ပါတယ်။ ဒါပေမယ့် ဒီလိုဆောင်ရွက်ရာမှာ အပြစ်မဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ လုံခြုံရေးကိုထိခိုက်အောင်တော့ မပြုလုပ်သင့်ပါဘူး။ ရခိုင်ပြည်နယ်မှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ ၎င်းတို့ရဲ့ဆောင်ရွက်မှုတွေဟာ သတ်မှတ်ချက်အတွင်းဘဲရှိရမှာဖြစ်ပြီး တရား ဥပဒေစိုးမိုးမှုကိုထိန်းသိမ်းရမှာဖြစ်သလို အရပ်သားတွေကိုလည်းပစ်မှတ်မထားရပါဘူး´ ဟု Santiago က ပြောကြားခဲ့ပါသည်။

အောက်တိုဘာလ ၉ ရက်နေ့တိုက်ခိုက်မှုအပြီးတွင် နောက်ဆက်တွဲအနေဖြင့် လုံခြုံရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးဆောင်ရွက်မှုများကြောင့် ရိုဟင်ဂျာနှင့်ရခိုင်လူမျိုး ၁၃၀၀၀ ခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ ကြရသည်။ ရိုဟင်ဂျာအများစုနေထိုင်ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တားမြစ်ချက်များကြောင့် ဒေသ အခြေအနေနှင့် စပ်လျဉ်းသောသတင်းများရယူနိုင်ရေးအတွက် လွတ်လပ်သောသီးခြားဖွဲ့စည်းထားသည့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များအတွက် အခက်အခဲ ဖြစ်စေပါသည်။

`အကြမ်းဖက်မှုတွေမဖြစ်ပွားနေဘူးလို့ အစိုးရအရာရှိတွေက ငြင်းဆန်ကြပါတယ်။ ဒါပေမယ့် ဒေသ အခြေအနေကိုလေ့လာခွင့်မရရှိမှုကြောင့် အခြေအနေတွေမှန်မ/မှန်စစ်ဆေးဖို့ မဖြစ်နိုင်သလို သူတို့ရဲ့လုပ်ငန်း ဆောင်ရွက်မှုအပေါ်ယုံကြည်စိတ်ချရမှုကိုလည်းယုတ်လျော့စေပါတယ်။ မြန်မာအာဏာပိုင်တွေအကျိုး အတွက်သာမက ဒေသခံလူထုတွေရဲ့အကျိုးအတွက်လည်း လွတ်လပ်တဲ့စောင့်ကြည့်လေ့လာသူတွေနဲ့ သတင်းသမားတွေကို ဒေသထဲဝင်ခွင့်ပေးရမှာ ဖြစ်ပါတယ်´ ဟု Santiago က ပြောကြားခဲ့သည်။

ယနေ့မှစတင်ပြီး မြန်မာအစိုးရသည် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိနေရာများကို လာရောက်ရန် သံတမန် များအားရွေးချယ်ဖိတ်ခေါ်ခဲ့သည်။ ယင်းကဲ့သို့ဖိတ်ခေါ်မှုကို အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးမှုတစ်ခု အဖြစ် အစားထိုးမရှုမြင်ရန် APHR အဖွဲ့က သတိပေးခဲ့ပြီးယင်းကဲ့သို့ သံတမန်အဖွဲ့များသွားရောက်ကြည့်ရှု ပြီးနောက်တွင် သတင်းသမားများ၊ ကူညီထောက်ပံ့ပေးရေးအဖွဲ့များအပါအဝင် လူ့အခွင့်အရေးလုပ်ငန်းများ ဆောင်ရွက်နေသောအုပ်စုများကိုလည်း ဒေသအတွင်းသွားရောက်ရန် ဖိတ်ကြားမည်ဟုမျှော်လင့်မိကြောင်း ဖော်ပြခဲ့သည်။

**ဒေသတွင်းနိုင်ငံများ၏အခန်းကဏ္ဍ**

လွှတ်တော်အမတ်များသည် အာဆီယံအပါအဝင်အဒေသတွင်းမိတ်ဖက်များအား အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးရာတွင် လိုအပ်ပါက မြန်မာအစိုးရအားထောက်ပံ့ရန်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တင်းမာမှုများ ဖြေရှင်းရာတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါသည်။

`ယခုဖြစ်နေတဲ့အကြမ်းဖက်မှုတွေကြောင့် မြန်မာနိုင်ငံကိုစွန့်ခွာသွားရတဲ့ ရိုဟင်ဂျာ အရေအတွက်ကို တိုးမြင့်လာစေပါတယ်။ နေရပ်စွန့်ခွာသူတော်တော်များများဟာ လူကုန်ကူးမှုနဲ့အခြားအကြမ်းဖက်မှုတွေနဲ့ လည်း ရင်ဆိုင်ရနိုင်ဖွယ်ရှိတဲ့အတွက် အာဆီယံအနေနဲ့ ဒီလိုဖြစ်ရပ်တွေမဖြစ်ရအောင် ကာကွယ်တားဆီးဖို့ တာဝန်ရှိပါတယ်´ ဟု Charles Santiago က ပြောကြားခဲ့သည်။

`လွန်ခဲ့တဲ့ရက်သီတင်းပတ်အနည်းငယ်ကနိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က အာဆီယံကို ရခိုင်ဒေသဆိုင်ရာပြဿနာများကိုဖြေရှင်းရာမှာ မိတ်ဖက်အနေနဲ့လက်ခံကြိုဆိုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့လှေစီးဒုက္ခသည်များအရေးလိုဘဲ ရခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ပြဿနာတွေဟာ အခြားအာဆီယံ

အဖွဲ့ဝင်နိုင်ငံတွေကို တိုက်ရိုက်သက်ရောက်မှုရှိတယ်ဆိုတာကို လက်ခံနားလည်ပြီးတော့ အာဆီယံအနေနဲ့ ဒီကိစ္စမှာပူးပေါင်းပါဝင်လိုပြီး ကူညီဖို့အသင့်ရှိနေတယ်ဆိုတာကိုသေချာစေရမှာဖြစ်ပါတယ်။´ ဟု APHR အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ အင်ဒိုနီးရှားနိုင်ငံလွှတ်တော်အမတ် Eva Kusuma Sundari က ပြောကြားခဲ့သည်။

စက်တင်ဘာလ ၃၀ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် အာဆီယံလွှတ်တော်များအစည်းအဝေး တွင် ရခိုင်ဒေသတွင်းအခြေအနေများကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေး ခဲ့ပြီး ယင်းကိစ္စများကိုဖြေရှင်းရန်အတွက် ဒေသတွင်းထောက်ပံ့မှုများကို တောင်းဆိုခဲ့သည်။ `ကျွန်မတို့ အနေနဲ့ မတရားမှု၊ အာဃာတတရား၊ အစွန်းရောက်မှုတွေကိုဆန့်ကျင်ပြီး နှစ်ဦးနှစ်ဖက်အကြားမှာယုံကြည်မှု၊ နားလည်မှုနဲ့ တစ်စည်းတစ်လုံးတည်းဖြစ်ဖို့ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ရာမှာ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ အပြုသဘောနဲ့ကူညီထောက်ပံ့ပေးဖို့ တောင်းဆိုပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏တောင်းဆိုပန်ကြားမှုရှိသော်ငြားလည်း စစ်တပ်က မူကြမ်းရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံဥပဒေကြောင့် အရပ်သားအစိုးရ၏ တိုက်ရိုက်ကွပ်ကဲမှု အောက်တွင်မရှိသည့် လုံခြုံရေး တပ်ဖွဲ့များ၏ အငြင်းပွားဖွယ်အခြေအနေများကို APHR အဖွဲ့က ဂရုပြုပြောကြားခဲ့သည်။

`ဖွဲ့စည်းပုံဥပဒေက စစ်တပ်ကိုအကြွင်းမဲ့အာဏာပေးထားပြီး အရပ်ဘက်ကို ကြီးကြပ်ခွင့် မပြုထားပါဘူး။´ ဟု Sundari က ပြောကြားခဲ့သည်။ `အဲဒီလိုစနစ်ရှိနေတဲ့ လက်ရှိအခြေအနေဟာ အရမ်းကိုခက်ခဲသိမ်မွေ့တဲ့ ပြဿနာတွေကို ဖြစ်ပေါ်စေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ရေးဆွဲရေးနဲ့ ဒီမိုကရေစီကျကျ တာဝန်ခံ နိုင်ရေးကို ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ မြန်မာနိုင်ငံအတွင်းဒီမိုကရေစီနဲ့လူ့အခွင့်အရေးတိုက်ပွဲဟာ ပြီးဆုံးဖို့ အများကြီးလိုပါသေးတယ်။ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ မြန်မာနိုင်ငံကိုကူညီဖို့ အာဆီယံဟာအဆင်သင့် ဖြစ်နေရပါမယ်။´